
သူရ(ထမံ)
လူထဲက လူ

## အပိုင်း (၁)

"မွေးပြီ ဟေ့ မွေးပြီ ယောကျ်ားလေးတော်"

လက်သည် မကြီး ဒေါ်မိတင်၏ မွေးဖွားခန်းမှ အသံကျယ်ကျယ်ဖြင့် အော်ဟစ်သံကြောင့် မွေးဖွားရာ အခန်းပြင်၌ ရင်တလှပ်လှပ်ဖြင့် စောင့်စားနေသော။ ကိုသိန်းအောင် တစ်ယောက် ထခုန်မတတ်ပျော်ရွှင် သွားလေသည် ။ သူ၏ ပျော်ရွှင်မှုသည်  ခဏတာလေး အတွင်းမှာ ပြန်လည်ပျက်စီးရပြန်လေ၏။

"ဟင်"

"လုပ်ကြပါဦး ဒီမှာ မိအေးခေါ်မရတော့ဘူး မိအေး မိအေး"

"ဘယ်လိုလုပ်ကြမလဲ အရီး မိတင် ကလေးကလည်း ချက်ကြိုး မဖြတ်ရသေးဘူး အသက်ကလည်း မရှူသလိုပဲ"

လက်သည် မကြီး ဒေါ်မိတင်နှင့် အတူ မွေးဖွားခန်း၌ အဖော် လုပ်ကာ ကလေးမွေးဖွားဖို့ ကူညီနေသော ကိုသိန်းအောင်တို့ အိမ်ဘေးမှာ မဌေးစိန်က စိတ်ပူပင်စွာ မေးလိုက်ခြင်းဖြစ်၏။

"ကလေးက အရေးမကြီးပါဘူးအေ မိခင်ကို ပြုစုစမ်းပါ ညည်းကလည်း အရေးမဟုတ်အရေး လုပ်မနေနဲ့ မိအေးက ခေါ်မရပါဘူးဆို ညည်းကတစ်မှောက်ကဲ လုပ်စမ်းပါဦးအေ"

"ဟုတ် ဟုတ်ကဲ့ အရီး မိတင်"

ဒေါ်မိတင်နဲ့ မငွေးစိန်တို့ ပြောနေသော စကားသံတွေကို အခန်းပြင်မှ မိန်းမနဲ့ သားဖြစ်သူကို စိုးရိမ်စွာ စောင့်စားနေသည် ။ ကိုသိန်းအောင်တစ်ယောက် နားထဲသို့ အတိုင်းသားဝင်ရောက်လာတော့၏။ စိတ်အစဉ်မှာ လည်း ဆောက်တည်ရာမရ စိုးစိတ်တို့ က ကြီးစိုးနေလေ၏။ ထို့ကြောင့်

"အရီးမိတင် ကျုပ် ဝင်လာလို့ ရမလား ကျုပ် စိတ်တွေ အရမ်းပူနေလို့ "

"ဟဲ့ သိန်းအောင် ဒါမွေးဖွားခန်းအေ ညည်းကဘယ်ဝင်လို့ ရမလဲ အပြင်မှာ ပဲ နေပါတော်"

"ကျုပ် စိတ်တွေပူလွန်းလို့ ပါ အရီးမိတင်ရယ် ကျုပ်မိန်းမ အခြေနေသိချင်လို့ ပါ"

"ငါ တို့ လည်း တတ်သလောက် မှတ်သလောက်ပြုစုနေပါတယ်အေ ခဏတော့ စောင့်ပါ "

လက်သည် မကြီး ဒေါ်မိတင် စကားကြောင့် ကိုသိန်းအောင် အိမ်ထရံကို ကျောမှီကာ စိတ်ပျက်လက်ပျက် ထိုင်ချမိသည် ။ တကယ်တော့ သူတို့ ဘဝက ထင်သလောက် မဆိုးဝါးပေ၊ ကိုသိန်းအောင်၏ မိဘများ သည် လယ်ယာနဲ့ ကျွဲ နွားများ အတော်အတန်ပင် ပိုင်ဆိုင်ထားသော တောသူဌေးများ ဟု ဆိုရမည်။ သူနှင့် မိအေးကို သဘောမတူသောကြောင့် အိမ်မှာ မနေခိုင်းပဲ လယ်တောတဲမှ ဝက်များကြက်များ မွေးစေကာ တဲ၌ သာ ထားလေ၏။ မိအေး ကိုသိန်းအောင်အိမ်သို့ စရောက်သည် ။ ဆိုတာနဲ့ ကျွန်တစ်ယောက်လို့ အလုပ်ကြမ်းများ မနားမနေခိုင်းကာ ကိုသိန်းအောင်နဲ့ အတူ လယ်အလုပ်ကို ဝိုင်းလုပ်ခိုင်းလေ၏။

မိအေးကလည်း ကိုသိန်းအောင်ကို အရမ်းချစ်တာကြောင့် သည်းညည်းခံပြီး ဆင်းရဲခံကာ မညည်းမညူလုပ်ကိုင်ပေးလေ၏ ။ ယောက္ခမများကိုလည်း မိဘအရင်းသဖွယ်ပြုစုလျက် ကိုသိန်းအောင်၏ အစ်ကို ညီ ညီမတွေအပေါ်လည်း ကောင်းရှာလေသည် ။ ကိုသိန်းအောင် သည် ညီအစ်ကိုမောင်နှမ ၃ယောက်ရှိလေ၏။ အစ်ကိုဖြစ်သူက တို့ အပေါ် သိပ်အဆိုးကြီး မလုပ်တော့လည်း ညီမဖြစ်သူ ဘုတ်ဆုံမကတော့ အရမ်းအနိုင်ကျင့် လွန်းလှသည် ။ မိအေးပေါ် အစ်ကိုမိန်းမတစ်ယောက်လို မသတ်မှတ် ကျွန်တစ်ယောက် အိမ်ပေါ်တစ်ယောက်လို ဆက်ဆံလေ၏။ အဘယ်မျှ ဆိုးသလဲဆိုပါကာ သူ၏ အဝတ်အစားများ လျှော်ခိုင်း သူ့ကိုနင်းနှိပ်ခိုင်းလေ၏။ မိအေး ဘယ်လောက်ပဲ ကောင်းကောင်း ပြုသနာက ထိုမျှနဲ့ မပြီး မိအေးကို မထင်ရင်မထင်သလိုရိုက်ပုတ်သေးသည် ။ ကိုသိန်းအောင်ကလည်း သူ၏ မိန်းမအပေါ် ဘယ်သူတွေဘယ်လောက် ဆိုးဆိုး ပြန်မပြောရဲ ညီမကိုကြောက်လို့ တော့မဟုတ် သူ၏ အဖေကို ကြောက်လို့ ဖြစ်သည် ။ သူတို့ တစ်အိမ်လုံး၌ ဘုတ်ဆုံမကဘုရင်မတစ်ပါးလိုပင် ဘယ်သူမှ ခံမပြောရဲကြပေ၊ ဒါကြောင့် သူအလိုလိုက်နေပေးကြရ၏။

အချိန်တွေကုန်လာတာနဲ့ အမျှ မိအေး ကိုယ်ဝန်ရှိလာသည် ။ မိအေးကိုယ်ဝန်ရှိတာ သိပါသော်လည်း အလုပ်ကတော့ မနားရ ကိုယ်ဝန်အရင့်မာကြီးတောင် အလုပ် လုပ်ပေးရလေသည် ။ အခုလိုမွေးဖွားချိန်ရောက်ရှိသည့်တိုင်အောင် အိမ်ကိုခေါ်၍ မမွေးခိုင်း တဲ၌ သာ မွေးစေလေ၏။ ကိုသိန်းအောင်လည်း မိအေးမွေးဖွားချိန်ရောက်တော့ အပြေးသွားပြီး ရှာရိုလက်သည် မကြီး ဒေါ်မိတင်ကိုခေါ်ကာ အခုလို တဲ၌ မွေးဖွားရလေ၏။ မိအေးမီးဖွားချိန် မိသားစုတွေ တစ်ယောက်မှာ ရောက်မလာသည်ကို ကြည့်ခြင်းအားဖြင့်ပင် သူတို့ ကို မလိုအပ်တာ သိသာနေသည် ။

"သိန်းအောင် ဒီမှာ ညည်းမိန်းမသတိရ လာပြီဟေ့"

ဒေါ်မိတင် အသံကြောင့် အတွေးလွန်နေသော ကိုသိန်းအောင် သတိဝင်လာသည်။

"အခြေနေကော ကောင်းလား အရီး စိုးရိမ်ရသေးလား ကလေးရော အခြေနေလေး ပြောပြပါဦး"

"အေး ပြောလို့ တော့ မရသေးဘူး ကလေးကတော့ သေပြီထင်တယ် အေး ညည်းမိန်းမက ဘာမှ မဖြစ်ပေမဲ့ သွေးနုသားနုဆိုတော့ စိုးရိမ် ရသေးတယ် ကလေးက ဘယ်လိုပြောရမလဲ မသိဘူး စီစီညစ်ညစ်လေး သားခြောက်သာသာလောက်ပဲ အသက်သေသွားလို့ ထင်တာပဲ အခုထိ မငိုဘူးအေး ကျုပ်လည်း မသိတော့ဘူးတော် ညည်းမိဘများကလည်း နေနိုင်လွန်းလိုက်ကြတာ အခုထိမပေါ်လာကြဘူး ကလေးချက်ကြိုးကတော့ မပြတ်ရသေးဘူး"

သားဦးလေးမို့ ရှုံးဆုံးရမှာ ကြောက်သော်လည်း ကလေးထက်မိခင်ကို ပိုစိတ်ပူနေမိ၏။ မိန်းမဖြစ်သူ ဘာမှ မဖြစ်ရေးသာ တွေးစိတ်ပူနေမိသည်။

"ဟုတ် အရီးမိတင် မိအေးကိုသာ ဂရုစိုက်ပါဗျာ ကလေးက ဆုံးပြီဆိုတော့လည်း ပစ်လိုက်ရုံပေါ့ ဘာများ တတ်နိုင်ဦးမှာ လဲ ကလေးချက်ကြိုးပြတ်ပြီးရင် ကျုပ်ကိုပေးပါဗျာ မိအေး သတိကောင်းကောင်းမရခင်သွား မြေမြှုပ်ထားလိုက်မယ်"

ကိုသိန်းအောင်တစ်ယောက် ဝမ်းနည်းစိတ်ကို ထိန်းလျက် မတတ်နိုင်တောပြီမို့ အရာရာကို ဖြစ်သမျှအကောင်းဟု မှတ်ရုံသာ

"ကဲ ငွေးစိန်ကလေး ချက်ကြိုး ဖြတ်လိုက်တော့ "

"ဟုတ် အရီး"

ငွေးစိန်လည်း ဒေါ်မိတင်ပြောတဲ့ အတိုင်း ဓားနဲ့ ကလေးချက်ကြိုး ဖြတ်လိုက်လေတော့၏။ချက်ကြိုးပြတ်သွားတော့

"အူဝဲ အူဝဲ"

မထင်မှတ်ပဲ ကလေးငိုသံကြောင့် မငွေးစိန် ဓားကြီးကိုင်လျက် ကလေးကို ငေးကြည့်နေမိသည် ။ လက်သည် မကြီး ဒေါ်မိတင်ပင် ကြောင်အသွားမိ၏။ ကိုသိန်းအောင်အတွက်တော့ပြောစရာပင်မလို အံ့သြစိတ် ဝမ်းသာစိတ်က ထွက်ကျလုဆဲဆဲ မျက်ရည်စကိုပင် ထိန်းမရနိုင်လောက်အောင် ဝမ်းနည်းဝမ်းသာဖြစ်သွားမိသည် ။

"က ကလေး မသေဘူးဟေ သိန်းအောင် ညည်းကလေးမသေသေးဘူး ဟဲ့ ငွေးစိန် ဘာကြောင်နေတာလဲ ကလေးကို ရေဆေးလေ ပြီးရင် အနှီးထုပ် မိအေးနဲ့တိုက်လိုက်ဦး"

"ဟုတ် ဟုတ် အရီးမိတင် ကျုပ်လည်း မထင်ထားပဲ ဖြစ်လာတော့ အံ့သြ သွားလို့ ပါ အခုချက်ချင်းလုပ်လိုက်ပါမယ်တော်"

မငွေးစိန်က ကလေးကိုရေချိုးပေး အနှီးထုပ်ပြီးချိန်တွင် မိအေးသတိကောင်းကောင်းလည်လာနေပြီ ဖြစ်၏။

"အရီးမိတင် ကျုပ် ... က ... ကလေးကော"

"ရှိပါတယ်အေး စိတ်အေးအေးထား မိအေး ညည်းက နေသိပ်ကောင်းတာမဟုတ်ဘူး ဟဲ့ ငွေးစိန်ပြီးပြီလား မြန်မြန်လုပ်ပါအေ"

စိတ်မြန်လက်မြန်နဲ့ အသံကျယ်ကျယ်အော်အော်ပြီး ပြောတတ်သော ဒေါ်မိတင်ကြောင့် ကလေးချီလျက် မီးဖွားခန်းသို့ ငွေးစိန်အပြေးကလေး ဝင်လာသည် ။

"ရပါပြီ အရီး "

"အေး အေး ကလေးကို မိအေးကိုပေးလိုက် "

ကလေးကလည်း ချက်ကြိုးပြတ်ပြီး ငိုနေကတည်းက အငိုမတိတ်တော့ပေ မိအေးနို့တိုက်လိုက်မှ အငိုတိတ်သွားလေတော့သည် ။

"အရီးမိတင် ကျုပ် ကျုပ် ဝင်လာလို့ ရပြီလားဗျာ"

ကိုသိန်းအောင်ကလေးနှင့် မိန်းမကို အတော်ပင် တွေ့ချင်လှနေပြီဖြစ်၏။

"ကဲ ဝင်ချင်လည်း ဝင်လာပါတော် ဝင်တော့ မဝင်ကောင်းသေးဘူး အေ ညည်းကအဲဒီလောက်စိတ်အားသန်နေပြီဆိုတော့ ပြောရမဲ့ပုံလည်း မပေါ်ဘူး ဟဲ ဟဲ"

ရယ်ကျဲကျဲနဲ့ ပြောလာတော့ ဒေါ်မိတင်စကားကြောင့် ကိုသိန်းအောင် အခန်းထဲသို့ ပြေးဝင်လာတော၏။ လက်သည် မကြီး ဒေါ်မိတင်ကလည်း အခုမှာ ပင် သက်ပြင်းကောင်းကောင်းချနိုင်တော့သည် ။

အခန်းထဲအပြေးလေးဝင်လာတော့ ကိုသိန်းအောင်ကြောင့် မိအေး မျက်လုံးကို အားယူ ဖွင့်လျက် အားအင်ချည့်နဲ့ နေသော အကြည့်ဖြင့်ကြည့်ကာ နှုတ်ခမ်းနှစ်လွှာက မချိပြုံးလေးပြုံးလေသည် ။

ကိုသိန်းအောင် မိအေးရင်ခွင်ထဲမှာ ကလေးကိုမြင်တော့ မျက်နှာအနည်းငယ်ပျက်ယွင်းသွားလေသည် ။ ကလေးလေးက တကယ်ပင် အရီးမိတင်ပြောသလို လူခြောက်လေးသာသာ လူရုပ်ကလေးပေါက်ရုံရှိသည် ။ ကိုသိန်းအောင်လည်း ဘာမှ တွေးမနေတော့ပဲ မိအေးနား သွားလျက် မိအေးလက်ကို ကိုင်ကာ အားပေးနေလေမိသည် ။ အခုလို့ မိခင်ရောကလေးပါ နေကောင်းနေတာနဲ့ သူ့အတွက် ဝမ်းသာမိပြီ မဟုတ်ပါလား။

နံနက်မိုးသောက်အလင်းရောက်ချိန်တွင် ကိုသိန်းအောင်၏ မိဘများ သူတို့ ဆီကို ရောက်လာကြသည် ။ လက်သည် မကြီး ဒေါ်မိတင်နဲ့ ဒွေးစိန်မှာ လည်း အခုထိ မပြန်နိုင်ကြသေးပေ မိအေးကိုပြုစုမဲ့သူ မရှိ၍ တစ်ကြောင်း ကလေး ဝေယျာဝစ္စနဲ့ မိအေး မီးဖွားပြီးသော ကိစ္စများကို ရှင်းလင်းဖို့ ကျန်နေတာကတစ်ကြောင်းမို့ မပြန်ရသေးခြင်း ဖြစ်သည် ။ တစ်ညလုံး မအိပ်မနား လုပ်နေရသည့် အတွက်လည်း လူပင်ပန်း စိတ်ပင်ပန်း ဖြစ်နေရလေပြီ။

"မိအေး မွေးတယ်ဆို"

ကိုသိန်းအောင်၏ ဖခင်မှာ ရောက်ရောက်ခြင်း စိတ်အလိုမကျသည့် ပုံစံဖြင့် စကားကို ခပ်မာမာပင်ပြောလာ၏။

"ဟုတ်ကဲ့ အဘ ညကပဲမွေးလိုက်တာ"

ကိုသိန်းအောင်ကလည်း ဖခင်ကိုကြောက်သူပီပီ အသံကိုနိမ့်လျက် ပြန်ဖြေလေသည် ။

"ဘာလဲ အစ်ကိုသိန်းအောင် ကိုယ့်အစ်ကိုရဲ့ မိန်းမတစ်ယောက်လုံး မွေးဖွားတာတောင် မသိရတော့ဘူးလား မွေးဖွားမယ်ဆိုလည်း လာပြီး ပြောပြကြပေါ့ အခုဟာက ကျုပ်တို့ က လျစ်လျူရှုထားတာနဲ့ တူမနေဘူးလား ဘေးပတ်ဝန်းကျင်တွေ့သွားရင် ပြောစရာဖြစ်ကုန်တော့မယ် အစ်ကိုတို့ ကလေ ကျုပ်တို့ ကို ပြောစရာမရှိ ရှိအောင်ကို လုပ်နေကြတာ တကယ် စိတ်ဆင်းရဲဖို့ ကောင်းတယ် ဘယ်မှာ လဲ ကလေးက"

တဲပေါ်သို့ ဆောင့်ဆောင့်အောင့်အောင့် တက် လာပြီး အသံပြဲကြီးဖြင့် အော်ဟစ်ကာ အစ်ကိုဖြစ်သူကိုသိန်းအောင်ကို ဘုတ်ဆုံမ ဆူပူကြိမ်းမောင်းနေလေ၏။ တကယ်တော့ မနေ့ညက မပြောခဲ့တာမဟုတ် လက်သည် မကြီး ဒေါ်မိတင်ပြေးခေါ်ရင်း အိမ်ကိုဝင်ကာမိအေး ဗိုက်နာနေလို့

တဲကို လာပေးကြပါဦးဟု ပြောထားခဲ့ပါသည် ။ ထိုအချိန်က သူပြောတာကို အစားမှားပြီး ဗိုက်နာတာ ဖြစ်မှာ ပါလို့ စကားပြန်ချေပကာ မလိုက်လာပဲ နေခဲ့တာကိုတော့ သူလည်း အသိဖြစ်၏။ သူတို့ ဘက်က ဘယ်လောက်မှန်ကန်နေစေပါမူ ဘာမှ ပြန်ပြောလို့ ရမည်မဟုတ်ပေ ဘုတ်ဆုံမက သူပြန်ပြောလျှင် ပိုဆိုးလာမည်ဆိုတာကိုသူသိပါသည် ။ ကိုသိန်းအောင်၏ ဖခင်မှာ လည်း သူတို့ ကို အလိုမကျသည့်ပုံ ပေါက်နေတော့ ဘာမှ မပြောတော့ပဲ တိတ်တိတ်လေးနေပေးရန်သာ တောင်းဆိုလိုက်လေ၏။

"ဘုတ်ဆုံမ တိတ်တိတ်လေး နေပေးပါလား ဟိုမှာ မင်းယောက်မက နေသိပ်ကောင်းသေးတာမဟုတ်ဘူး"

"ဘာ ကျုပ်က ဘာဖြစ်နေလို့ လဲ အမှန်တိုင်းပြောပြန်ရင်လည်း ခံပြင်းသေး မပြောဘူး အေး မပြောဘူး "

ကိုသိန်းအောင် တောင်းတောင်းပန်ပန် ပြောကာမှ ပိုဆိုးလာလေသည် ။

ကိုသိန်းအောင်တို့ မိသားစု ပြောဆိုနေသည် ကိုတော့ ဒေါ်မိတင်နဲ့ ဌေးစိန်ကဘာမှ ဝင်မပြော ဘေးမှာ ဖယ်လျက် တိတ်တိတ်လေး နေကြလေ၏။ နို့မို့ဆိုပါကာ ဘုတ်ဆုံမ၏ စကားတွေက သူတို့ ဘက် လှည့်လာမယ်ဆိုတာ ကြိုသိနေလို့ ဖြစ်သည် ။

မိအေးမှာ တော့ သူတို့ ပြောနေသော စကားများကို ကြားမိသောကြောင့် ကလေးကို နို့တိုက်နေရာမှာ ကျိတ်ငိုနေလေ၏။ အခုလိုမွေးဖွားပြီးချိန်မှာ အားပေးစကားများကိုသာ ကြားရမည်ဟု သူမျှော်လင့်ထားခဲ့သည် ။ အခုတော့ အရာရာတွေက သူစိတ်ထင်မှန်းထားသည် နဲ့ ပြောင်းပြန် အားပေးမှုမရှိတဲ့ အပြင် ဆူပူကြိမ်းမောင်းနေလေသေး၏။ မိ

အေး ကျိတ်ငိုနေရင်းမှာ သူ၏ မိဘများကို သတိရသွားမိသည် ။ မိအေးမှာ မိဘနှစ်ပါးလုံးရှိမနေတော့ ဒါကြောင့် လည်း ကိုသိန်းအောင်၏ မိဘများကို သူ၏ မိဘအရင်းသဖွယ် ပြုစုလေသည် ။

"အဖေနှင့်အမေ သမီးအဖြစ်ကို လာကြည့်ပါဦး"

ဟု စိတ်မှာ မြည်တမ်းကာ မျက်ဝန်းထဲမှာ မျက်ရည်စများကို ကြိတ်မှိတ် မျိုသိပ်နေလေသည် ။ ဘယ်လောက်ပဲ မငိုမိအောင် ကြိတ်မှိတ်နေပေမဲ့ မျက်ရည်စတို့ ကတော့ ပါးထက်သို့ အတားဆီးမဲ့စွာ စီးကျလာလေသည် ။ မိအေး၏ မျက်ရည်စက်တို့ သည် နို့မှိန်းနေသော ကလေး၏ မျက်နှာပေါ် ကျရောက်ကုန်တော့၏။ ထို့ကြောင့် လန့်ဖျပ်ကာ အော်ငို လေတော့သည် ။

"အူဝဲ အူဝဲ"

ကလေးငိုသံကြောင့် မိအေး ပျာယာခတ်သွားသည် ။ အပြင်၌ စကားပြောနေကြသော ကိုသိန်းအောင်တို့ မိသားစုမှာ လည်း စကားပြောရပ်ကာ ကလေးရှိရာအခန်းထဲသို့ ဝင်လာကြလေသည် ။ ကလေးကိုမြင်တော့ ကိုသိန်းအောင်၏ မိဘများမှာ ဘာမှ မပြောတော့ပဲ အခန်းပြင်ထွက်သွားလေတော့၏။ ဘုတ်ဆုံမကတော့ ကလေးအနားသွားပြီး လက်နဲ့ ကိုင်ကြည့်သည် ။

"ဟင် ဒါလား ကလေး လူရုပ်တောင်မပေါက်ပဲတော် ကြည့်စမ်းပါအေ ဒါလေးကို ဘယ်လိုများ ကြီးအောင်မွေးမှာ လဲ စိတ်ပျက်ပါတယ်တော်"

ကလေးကို မကိုင်ချင်ကိုင်လျက် မွေးဖွားတာမကြာသေးတာမို့ အနံ့ပေါင်းစုံက ရောမွှေနေလေသောကြောင့် နှာခေါင်းကိုရှုံ့ပြီး စကားကို ခနဲ့ပြော ပြောနေလေ၏။ ကိုသိန်းအောင်နှင့် မိအေးရင်ထဲမှာ တော့ သူတို့

ကလေးကို ဘာမှ မလုပ်ပါစေနဲ့ ဟု ကြိတ်မှိတ် ဆုတောင်းနေကြလေသည် ။ သူတို့ ဆုတောင်းက မပြည့်ဝခဲ့ပေ။ ဘုတ်ဆုံမ၏ နောက်ထပ်ထွက်လာတော့ စကားကြောင့် ကိုသိန်းအောင်နှင့် မိအေးတာမက လက်သည်မကြီးဒေါ်မိတင်နှင့်ဒွေးစိန်ပင် အံ့ဩ သွားရလေသည် ။

"ကိုသိန်းအောင် ဒီကလေးကို ပစ်လိုက်ပါ ကျုပ်တို့ ကတော့မမွေးချင်ဘူး"

"ဘုတ်ဆုံမ ဘယ် ဘယ်လိုပြောလိုက်တာလဲ မင်းမှာ ကိုယ်ချင်းစာစိတ်မရှိဘူးလား သူလည်း လူတွေထဲက လူတစ်ယောက်ပါ အဲဒီလိုတော့ မပြောသင့်ပါဘူး ငါတို့ နဲ့ အကြောင်းဆုံလို့ လာပတ်သက်နေပြီပဲ ဖြစ်ပြီးမှ တော့ မပစ်နိုင်ဘူး"

ကိုသိန်းအောင် ဒီတစ်ခါတော့ စကားကို ခပ်မာမာဖြင့်ပြောလေသည် ။

"ဘာပဲဖြစ်ဖြစ် မရချင်ဘူးတော် ပစ်မလားမပစ်ဘူးလားပြော အစ်ကိုမပစ်ဘူးဆိုလည်း တစ်ယောက်ယောက်ကို ပေးပစ်လိုက် မဟုတ်လို့ ကတော့ ဘုတ်ဆုံမအကြောင်းသိတယ်နော် "

မိအေးကတော့ ဘာမှ မပြောနိုင် ရှိုက်ကြီးတငင် ငိုနေလေတော့၏။

"ဟီးဟီးဟီး ညီမရယ် အစ်မတို့ ကို သနားပါနော် ကလေးကို မစွန့်ပစ်ခိုင်းပါနဲ့ အစ်မတို့ မှာ လည်း သားဦးလေးမို့ပါ တောင်ပန်ပါတယ် နော် ဟီးဟီး "

"မသိဘူးအေး မသိဘူး ပစ်မလား သူများကိုပေးပြီး မွေးခိုင်းမှာ လားကြိုတ်တာရွေး မဟုတ်ရင် အိမ်ပေါ်က ဆင်းရမယ် ဒါပဲ"

ဒီတစ်ခါတော့ ကိုသိန်းအောင်တကယ် အကျပ်ရိုက်သွားလေပြီ။

ဘုတ်ဆုံမကို ဘာပြန်ပြောရမှန်း မသိတော့ပေ လူ့လောကထဲ စရောက်ခါစ သူ၏ ရင်သွေးကလေးတစ်ယောက်၏ ဘဝကအတော်ပင် ဆိုးဝါးလှပေသည် ။ ဘယ်ဘဝ ဘယ်ဝဋ်ကြွေးများ ခဲ့တယ်မသိ ရှင်သန်ဖို့ လမ်းခက်ခဲနေလေပြီ။ သူရွေးချယ်ရတော့မည်။ ဘယ်လိုပဲဖြစ်ဖြစ် လူလောကထဲရောက်လှပြီးမှ တော့ လူထဲက လူ တစ်ယောက်မို့ သူမစွန့်ပစ်နိုင် ဒါကြောင့် သူစိတ်အခိုင်မာချလိုက်သည် ။

***